# အမျိုးသားစံချိန်စံညွှန်းနှင့်အရည်အသွေး

သတင်းလွှာ၊ အမှတ်စဉ် ၃။
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ

## လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု

*“တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘောဂျင်းမြို့နှင့် ဆူကျိုးမြို့တို့တွင် ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့ မှ (၂၀)ရက်နေ့ အထိ “Lancang-Mekong Cooperation in Metrology Project 2024’’ အရ ကျင်းပပြုလုပ်ခဲ့သည့် အလင်းစွမ်းအင်မှ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲမှုကို တိုင်းတာခြင်းဆိုင်ရာ နည်းပညာသင်တန်း*



“

*၂၀၂၄ခုနှစ်၊ဒီဇင်ဘာလ(၉)ရက်နေ့မှ(၁၂)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Qingdao မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့၏ အသိအမှတ်ပြုထားသည့် စက်ဝိုင်းစီးပွားရေးစနစ်အား စျေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ*




## လျှပ်စစ်မော်တော်ယာဉ်အားသွင်းရုံ



*တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဘောဂျင်းမြို့၊ ကျန်းရှားမြို့နှင့် ကွမ်းမင်မြို့တို့တွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့ မှ (၂၇)ရက်နေ့အထိ “Lancang-Mekong Cooperation in Metrology Project 2024’’ အရ ကျင်းပပြုလုပ်ခဲ့သည့် လျှပ်စစ်မော်တော်ယာဉ် အားသွင်းရုံနှင့် ရေအားစနစ်လုပ်ဆောင်ချက်များကို တိုင်းတာခြင်းဆိုင်ရာ နည်းပညာသင်တန်း*

## အမျိုးသားစံချိန်စံညွှန်းကောင်စီအစည်းအဝေး(၁/၂၀၂၄)ကျင်းပခြင်း

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်နေ့တွင် အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေး (၁/၂၀၂၄)ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊နေပြည်တော်၌ Hybrid စနစ်ဖြင့်ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးကအဖွင့်အမှာစကားပြောကြားခဲ့ပြီးအမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့မှ ကိုယ်စားလှယ်များနှင့်သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးမှ မြန်မာစံချိန်စံညွှန်းနောက်ဆုံးအဆင့်မူကြမ်း(၇၀)ခုအား မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်နိုင်ရေး၊ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီများ၏ စံချိန်စံညွှန်းချမှတ်ခြင်း နောက်ဆုံးအခြေအနေများ၊ မြန်မာစံချိန်စံညွှန်းများအား WTO/TBT Agreement နှင့် ကိုက်ညီစေရန် Soft Copy ဖြင့်ရောင်းချနိုင်ရေးအတည်ပြုခြင်း၊အမျိုးသားအဆင့်အရည်အသွေးအခြေခံအဆောက်အအုံခိုင်မာ အားကောင်းစေရေးအတွက်ဆောင်ရွက်ချက်များအား ဝန်ကြီးဌာနအသီးသီး၏ တင်ပြချက်များအား ဆွေးနွေးခဲ့ကြပါသည်။




အမျိုးသားစံချိန်စံညွှန်းကောင်စီအစည်းအဝေးကျင်းပစဉ်

## (၁၂)ကြိမ်မြောက် ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနား ကျင်းပခြင်း

ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားကို မြန်မာနိုင်ငံတွင် (၁၂)ကြိမ်မြောက်အဖြစ် (၁၄-၁၀-၂၀၂၄)ရက်နေ့တွင် နေပြည်တော်၊ ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ(၁)၌ ကျင်းပပြုလုပ်ခဲ့ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များ၊ နည်းပညာဆပ်ကော်မတီ များမှဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ အစိုးရ-ပုဂ္ဂလိကကဏ္ဍများနှင့် အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ MSMEs လုပ်ငန်းရှင်များနှင့် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း(၁၀၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားကို အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ လျှပ်စစ်နည်းပညာ ကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးယူနီယံစသည့်အဖွဲ့အစည်းတို့မှ ကျွမ်းကျင်ပညာရှင်များ၏ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းရေးဆွဲရာတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဂုဏ်ပြုမှတ်တမ်းတင်ရန်၊ အပြည်ပြည် ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့၏ လုပ်ရှားမှုများကို အများပြည်သူများအကြား အသိပညာဗဟုသုတများ မြှင့်တင်ပေးရန်၊ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများအရေးပါပုံကို မီးမောင်းထိုးပြနိုင်ရန်၊ ကမ္ဘာ့အဆင့် နိုင်ငံများအကြား ကုန်သွယ်ရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့်နည်းပညာဖလှယ်မှုများနှင့်ဆန်းသစ်တီထွင်မှုများကိုမြှင့်တင်ရာ၌ အပြည်ပြည် ဆိုင်ရာစံချိန်စံညွှန်းများ၏အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊စံချိန်စံညွှန်းများနှင့်ကိုက်ညီစွာထုတ်လုပ်ခြင်းဖြင့် ကုန်သွယ်မှုလွယ်ကူအဆင်ပြေချောမွေ့စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။




(၁၂)ကြိမ်မြောက်ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနား

## The Trainers and Lead Auditors Training on ISO/IEC 17065:2012, ISO/IEC 17020:2012, ISO/IEC 17021:2015 Series သင်တန်း ကျင်းပခြင်း

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအထူးရံပုံငွေစီမံကိန်းအရ The Trainers and Lead Auditors Training on ISO/IEC 17065:2012, ISO/IEC 17020:2012, ISO/IEC 17021:2015 Series သင်တန်းကို၂၀၂၄ခုနှစ်၊အောက်တိုဘာလ (၂၉)ရက်နေ့မှ နိုဝင်ဘာလ(၄)ရက်နေ့အထိ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(မြန်မာ)၊ သုတေသနနှင့်တီထွင် ဆန်းသစ်မှုဦးစီးဌာန၊ရန်ကုန်မြို့၌ကျင်းပခဲ့ပါသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာဖြူဖြူဝင်း ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ Counselor Mr. Ouyang Daobing နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Development Research Center of China State Administration for Market Regulation(SAMR) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ Ms. Chen Yunhua နှင့် SAMR မှ Ms. Xu Jin တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြပါသည်။ အဆိုပါသင်တန်းသို့ လာအိုနိုင်ငံ ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မြန်မာနိုင်ငံတို့မှ သင်တန်းသား စုစုပေါင်း(၃၀)ဦး တက်ရောက်ခဲ့ကြပါသည်။







The Trainers and Lead Auditors Training on ISO/IEC 17065:2012, ISO/IEC 17020:2012, ISO/IEC 17021:2015 Series သင်တန်းဓာတ်ပုံများ

## စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီအစည်းအဝေးများ

၂၀၂၄ခုနှစ်၊အောက်တိုဘာလ(၈)ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ မြန်မာ့ဆန်နှင့်ဆန်ထွက်ပစ္စည်းတို့၏ အရည်အသွေးသတ်မှတ်ချက်များ(မူကြမ်း)အပေါ် အပြီးသတ်ဆွေးနွေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Hybrid Mode စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းတို့မှ ကိုယ်စားလှယ်များနှင့် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ကိုယ်စားလှယ်(၁)ဦး စုစုပေါင်း(၁၅)ဦး တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် MMS 32:2022 မြန်မာ့ဆန်စံချိန်စံညွှန်း ကိုးကားရေးဆွဲထားသော မြန်မာ့ဆန်နှင့်ဆန်ထွက်ပစ္စည်းတို့၏အရည်အသွေး သတ်မှတ်ချက်(မူကြမ်း)အပေါ် တက်ရောက်သူကိုယ်စားလှယ်များက အပြီးသတ်ဆွေးနွေးခဲ့ ကြပါသည်။






စိုက်ပျိုးရေးအခြေခံထုတ်ကုန်စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီအစည်းအဝေးကျင်းပစဉ်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပြင်ဆင်ထုတ်ပြန်မည့် မြန်မာ့ဆန်နှင့်ဆန်ထွက်ပစ္စည်းတို့၏ အရည်အသွေးသတ်မှတ်ချက်များ (မူကြမ်း)အပေါ် ဥပဒေရေးရာဝန်ကြီးဌာနမှ ပြန်ကြားလာသည့် သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ Hybrid Meeting စနစ်ဖြင့်ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ စိုက်ပျိုးရေးအခြေခံထုတ်ကုန်ဆိုင်ရာ မြန်မာစံချိန်စံညွှန်းများ ချမှတ်နိုင်ရေး တာဝန်ယူဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာ ဆပ်ကော်မတီ၊ ဥက္ကဋ္ဌ(ကိုယ်စား)၊ အတွင်းရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး စံချိန်စံညွှန်း ရေးဆွဲရေးနည်းပညာ ဆပ်ကော်မတီအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက် နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်း၊ မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းတို့မှ ကိုယ်စားလှယ်များနှင့် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ကိုယ်စားလှယ်(၁)ဦး စုစုပေါင်း(၁၃)ဦး တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် MMS 32:2022 မြန်မာ့ဆန်စံချိန်စံညွှန်းအား ကိုးကားရေးဆွဲ ထားသော "မြန်မာ့ဆန်နှင့်ဆန်ထွက်ပစ္စည်းတို့၏ အရည်အသွေးသတ်မှတ်ချက်များ(မူကြမ်း)" အပေါ် တက်ရောက်သူ ကိုယ်စားလှယ်များမှ အပြီးသတ်ဆွေးနွေးခဲ့ကြပါသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့တွင် စိုက်ပျိုးရေးအခြေခံထုတ်ကုန်စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီ၏ (၁/၂၀၂၄)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမ၌ Hybrid Meeting စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ၊ ဥက္ကဋ္ဌ(ကိုယ်စား) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ အတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး နည်းပညာဆပ်ကော်မတီအဖွဲ့ဝင် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ကိုယ်စားလှယ်ဖြစ်သော မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ သူများအသင်း၊ ဥက္ကဋ္ဌ၊ ဒေါ်စန်းစန်းဟန်နှင့် ကိုယ်စားလှယ်စုစုပေါင်း(၁၅)ဦး တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် တက်ရောက်သူကိုယ်စားလှယ်များမှ အုန်းသီးအရင့်စံချိန်စံညွှန်း(မူကြမ်း)အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ နည်းပညာ ဆပ်ကော်မတီအဖွဲ့ဝင်များက ပေးပို့လာသောသဘောထားမှတ်ချက်များအပေါ် နောက်ဆုံး(မူကြမ်း)ရရှိသည်အထိ ညှိနှိုင်း ဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် စိုက်ပျိုးရေးအခြေခံထုတ်ကုန်ဆိုင်ရာ မြန်မာစံချိန်စံညွှန်းများ ချမှတ်နိုင်ရေး လုပ်ငန်းများကို ဆွေးနွေးခဲ့ကြပါသည်။




စိုက်ပျိုးရေးအခြေခံထုတ်ကုန်စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီအစည်းအဝေးကျင်းပစဉ်

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့တွင် စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီ အစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြား;ခဲ့ပြီး တက်ရောက်သူကိုယ်စားလှယ်များမှ "မြေပဲဆန်၏အရည်အသွေးသတ်မှတ်သည့်အမိန့်(မူကြမ်း)" အားသက်ဆိုင်ရာ အသင်းအဖွဲ့များက ပြန်ကြားလာသော သဘောထားမှတ်ချက်များအပေါ် ဆွေးနွေးခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြပါသည်။

## အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုဓာတ်ခွဲခန်းစီမံခန့်ခွဲမှု ISO/IEC 17025:2017 အတွက် အထွေထွေလိုအပ်ချက်များ နှင့် စစ်ဆေးခြင်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းကျင်းပခြင်း

မြန်မာအသိအမှတ်ပြုအဖွဲ့နှင့်တိုင်းရင်းဆေးပညာဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် “အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုဓာတ်ခွဲခန်းစီမံခန့်ခွဲမှု ISO/IEC 17025: 2017 အတွက် အထွေထွေလိုအပ်ချက်များ နှင့်စစ်ဆေးခြင်း ကျွမ်းကျင်မှုဆိုင်ရာသင်တန်း” အား ရုံးအမှတ် (၄၇)၊ နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ အစည်းအဝေးခန်းမ၌ (၂၇-၁၁-၂၀၂၄) ရက်နေ့မှ (၅-၁၂-၂၀၂၄) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ အရာထမ်း(၇)ဦးမှ သင်ကြားပို့ချခဲ့ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)ရှိ သုတေသနဓာတ်ခွဲခန်း၊ တိုင်းရင်းဆေးတက္ကသိုလ်ရှိ သုတေသနဓာတ်ခွဲခန်းနှင့် တိုင်းရင်းဆေးဝါးစက်ရုံရှိ ဓာတ်ခွဲခန်းများမှ သင်တန်းသား/သင်တန်းသူ (၃၀)ဦး တက်ရောက်ခဲ့ကြပါသည်။




အသိအမှတ်ပြုဓာတ်ခွဲခန်းစီမံခန့်ခွဲမှု သင်တန်းပို့ချစဉ်



အသိအမှတ်ပြုဓာတ်ခွဲခန်းစီမံခန့်ခွဲမှုသင်တန်းပို့ချစဉ်

## ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့အစည်းအဝေးတက်ရောက်ခြင်း


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ (၈-၁-၂၀၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အသိအမှတ်ပြုဌာနခွဲမှ အရာထမ်း(၂)ဦး Online မှတစ်ဆင့် တက်ရောက်ခဲ့ကြပါသည်။



## နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု

- ❖ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဘေဂျင်းမြို့၊ ကျန်းရှားမြို့ နှင့် ကွမ်းမင်မြို့တို့တွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂)ရက် နေ့မှ (၂၇)ရက်နေ့အထိ "Lancang-Mekong Cooperation in Metrology Project 2024" အရ ကျင်းပပြုလုပ်ခဲ့သည့် လျှပ်စစ်မော်တော်ယာဉ်အားသွင်းရုံ၏ စံသတ်မှတ်ချက်များကိုတိုင်းတာခြင်းနှင့်ရေအားစနစ်လုပ်ဆောင်ချက်များကို တိုင်းတာခြင်းဆိုင်ရာနည်းပညာသင်တန်းသို့ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (မြန်မာ)မှ ကိုယ်စားလှယ် (၁)ဦး တက်ရောက်ခဲ့ပါသည်။
- ❖ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့နှင့် ဆူကျိုးမြို့ တို့တွင် ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့ မှ (၂၀)ရက်နေ့အထိ "Lancang-Mekong Cooperation in Metrology Project 2024" အရ ကျင်းပပြုလုပ်ခဲ့သည့် အလင်းစွမ်းအင် မှ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲမှုကိုတိုင်းတာခြင်းဆိုင်ရာ နည်းပညာသင်တန်းသို့ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (မြန်မာ)မှ ကိုယ်စားလှယ် (၁)ဦး တက်ရောက်ခဲ့ပါသည်။
- ❖ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပသည့် "(၄၁)ကြိမ်မြောက် စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အာဆီယံအကြံပြု ဆွေးနွေးရေးကော်မတီ၏ ဥပဒေအရတိကျစွာတိုင်းတာခြင်းနည်းပညာ လုပ်ငန်းအဖွဲ့(၃)" အစည်းအဝေးပွဲသို့ သဘာပတိအဖြစ် တက်ရောက်ခဲ့ပါသည်။
- ❖ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့မှ (၂၄)ရက်နေ့အထိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှကြီးမှူး၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၅၂)ကြိမ်မြောက် အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ၊ လုပ်ငန်းအဖွဲ့(၁) စံချိန်စံညွှန်းရေးဆွဲသတ်မှတ်ခြင်းဆိုင်ရာ အစည်းအဝေးသို့ စံချိန်စံညွှန်း ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ တာဝန်ခံနှင့်အရာထမ်း ကိုယ်စားလှယ် (၃)ဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ပါသည်။

- ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၂၄)ရက်နေ့တွင် အာဆီယံအတွင်းရေးမှူးမှ ကြီးမှူး၍ ဗွီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် "(၄၃)ကြိမ်မြောက် အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာအတိုင်ပင်ခံကော်မတီ၊ လုပ်ငန်းအဖွဲ့(၂) အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းဆိုင်ရာ အဆိုပါအစည်းအဝေးသို့ အာဆီယံ နိုင်ငံများနှင့်အတူ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာန၊ အသိအမှတ်ပြုဌာနခွဲမှ တာဝန်ခံနှင့် အရာထမ်း ကိုယ်စားလှယ်(၂)ဦး ပါဝင် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။
- ASEAN-India Trade in Goods Agreement (AITIGA) 4th Sub-Committee on Standards, Technical Regulations and Conformity Assessment Procedures (4th SC STRACAP)အစည်းအဝေးအား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် Hybrid အစီအစဉ်ဖြင့်ကျင်းပခဲ့ရာ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနမှ တာဝန်ရှိသူများ in person နှင့် online တို့ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။
- အသိအမှတ်ပြုဌာနခွဲမှ အရာထမ်း(၃)ဦးသည် (၂၅-၁၁-၂၀၂၄)ရက်နေ့မှ (၂၇-၁၁-၂၀၂၄)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် EU-SEA CCCA (EU-South East Asia Cooperation on Mitigating Climate Change impact from Civil Aviation) ၏ Sustainable Aviation Fuels (SAF) နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ အွန်လိုင်းမှ တစ်ဆင့် တက်ရောက်ခဲ့ကြပါသည်။
- ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့မှ(၁၂)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Qingdao မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့၏ အသိအမှတ်ပြုထားသည့် စက်ဝိုင်းစီးပွားရေးစနစ်အားဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှအရာထမ်း(၁)ဦး တက်ရောက်ခဲ့ပါသည်။




52nd ACCSQ WG-1 အစည်းအဝေးတက်ရောက်စဉ်




43rd ACCSQ WG-2 အစည်းအဝေးတက်ရောက်စဉ်



ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ကျင်းပသည့် 41st ACCSQ WG-3 အစည်းအဝေးသို့တက်ရောက်စဉ်





အိန္ဒိယနိုင်ငံ၌ကျင်းပသည့် 4th SC STRACAP အစည်းအဝေးသို့တက်ရောက်စဉ်




တရုတ်နိုင်ငံ၌ကျင်းပသည့်အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်စဉ်




EU-SEA CCCA မှကျင်းပသည့်အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်စဉ်





တရုတ်နိုင်ငံ၌ကျင်းပသည့်သင်တန်းသို့တက်ရောက်စဉ်






တရုတ်နိုင်ငံ၌ကျင်းပသည့်သင်တန်းသို့တက်ရောက်စဉ်

| NQI ဆိုင်ရာဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု | တာဝန်ခံဌာနများ |
|---|---|
| အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ - ACCSQ<br>စံချိန်စံညွှန်းများနှင့် MRAs လုပ်ငန်းအဖွဲ့(၁)<br>အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးလုပ်ငန်းအဖွဲ့(၂)<br>ဥပဒေအရတိကျစွာတိုင်းတာခြင်းလုပ်ငန်းအဖွဲ့(၃) | အမျိုးသားစံချိန်စံညွှန်းနှင့်အရည်အသွေးဌာန၊<br>သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| အာဆီယံလျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်းဆိုင်ရာထုတ်ကုန်လုပ်ငန်းအဖွဲ့ | စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊<br>စက်မှုဝန်ကြီးဌာန |
| အာဆီယံမော်တော်ယာဉ်ဆိုင်ရာထုတ်ကုန်လုပ်ငန်းအဖွဲ့ | အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန |
| အာဆီယံရော်ဘာအခြေခံဆိုင်ရာထုတ်ကုန်လုပ်ငန်းအဖွဲ့ | အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန |
| အာဆီယံအလှကုန်ဆိုင်ရာထုတ်ကုန်လုပ်ငန်းအဖွဲ့ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊<br>ကျန်းမာရေးဝန်ကြီးဌာန |
| အာဆီယံဆေးဝါးဆိုင်ရာထုတ်ကုန်လုပ်ငန်းအဖွဲ့ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊<br>ကျန်းမာရေးဝန်ကြီးဌာန |
| အာဆီယံ ကြိုတင်ထုတ်ပိုးထားသော စားသောက်ကုန်ဆိုင်ရာထုတ်ကုန်လုပ်ငန်းအဖွဲ့ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊<br>ကျန်းမာရေးဝန်ကြီးဌာန |
| အာဆီယံဆေးပစ္စည်းဆိုင်ရာထုတ်ကုန်လုပ်ငန်းအဖွဲ့ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊<br>ကျန်းမာရေးဝန်ကြီးဌာန |
| အာဆီယံတိုင်းရင်းဆေးဆိုင်ရာထုတ်ကုန်လုပ်ငန်းအဖွဲ့ | တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန |
| အာဆီယံသစ်အခြေခံဆိုင်ရာထုတ်ကုန်လုပ်ငန်းအဖွဲ့ | မြန်မာ့သစ်လုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| အာဆီယံအဆောက်အဦနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဆိုင်ရာ ထုတ်ကုန်လုပ်ငန်းအဖွဲ့ | အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန |

*ဆက်သွယ်ရန်-*

*အမျိုးသားစံချိန်စံညွှန်းနှင့်အရည်အသွေးဌာန*

*သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန*

*အမှတ်(၆)ကမ္ဘာအေးဘုရားလမ်း*

*ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။*

*www.myanmarstandards.org.mm*

*nsqd.office@gmail.com*

*standardizationdiv@gmail.com*

*mabaccreditation@gmail.com*

*nimm112023@gmail.com*

# National Standards and Quality

Newsletter Issue 3
January 2025

## *Lancang-Mekong Cooperation*

*"The Photovoltaic Measurement Training Program" held in Beijing and Suzhou Provinces, People's Republic of China, from 2nd September to 20th September, 2024 under the Lancang-Mekong Cooperation in Metrology Project 2024.*






*ISO Circular Economy: Workshop-Call for Action to Communicate Market and Implement ISO 59000 Standards, 9-12 December 2024, at Qingdao, China*

## EV Charging Pile and Hydropower



"The EV Charging Pile and Hydropower Measurement Training Program" held in Beijing, Changsha and Kunming Provinces, People's Republic of China, from 2nd September to 27th September, 2024 under the "Lancang-Mekong Cooperation in Metrology Project 2024"

## National Standards Council Meeting (1/2024)

On October 14, 2024, the National Standardization Council meeting (1/2024) was held at the meeting room of the Ministry of Science and Technology, Naypyidaw via a hybrid system. At this meeting, the chairperson of the National Standardization Council, the Union Minister of the Ministry of Science and Technology, delivered an opening speech, and deputy ministers from relevant ministries, permanent secretaries, directors general, representatives from UMFCCI, the Myanmar Engineering Council, the Myanmar Computer Federation, and experts from various fields participated. Meeting discussed the approval for a total of 70 final draft standards as Myanmar Standards, latest conditions of the standards committees for adoption of Myanmar Standards, confirmation of the sale of Myanmar standards in soft copy to comply with the WTO/TBT Agreement, presentation of relevant ministries relating to the measures to strengthen the national quality infrastructure.



National Standards Council meeting held on October 14, 2024 Naypyitaw

## 12th World Standards Day Event 2024

On 14 October 2024, World Standards Day 2024 was held at the Meeting Room (1) of the Ministry of Science and Technology, Office No.21 in Nay Pyi Taw as 12th times celebration in Myanmar and Union Minister of the Ministry of Science and Technology delivered an opening speech. At the event, a total of about 100 participated including Deputy Minster, Ministry of Science and Technology, Permanent Secretary, Director Generals and Deputy Director Generals from relevant ministries, members of National Standards Council, chairmen, secretaries and members of relevant technical sub-committees,

the participants from public and private sector, MSMEs and the officials from department of research and innovation. The ceremony was held to honor the collaborative efforts of experts from organizations such as the International Organization for Standardization, the International Electrotechnical Commission, and the International Telecommunication Union in developing international standards, to promote awareness among the public of the activities of the International Organization for Standardization, to highlight the importance of international standards, to recognize the key role of international standards in enhancing trade, health, agriculture, scientific and technological exchanges, and innovations among countries at the global level, and to facilitate trade by ensuring the production of products that comply with standards.




12th World Standards Day Event held on 14 October 2024

### The Trainers and Lead Auditors Training on ISO/IEC 17065:2012, ISO/IEC 17020:2012, ISO/IEC 17021:2015 Series

Under the special fund of Mekong-Lancang Cooperation Project, "The Trainers and Lead Auditors Training on ISO/IEC 17065:2012, ISO/IEC 17020:2012, ISO/IEC 17021:2015 Series", which was held from October 29 to November 4, 2024, at the National Institute of Metrology (Myanmar), Department of Research and Innovation in Yangon. At the opening ceremony, remarks were made by Dr. Phyu Phyu Win, Director-General of the Department of Research and Innovation, Counselor Mr. Ouyang Daobing from the Embassy of the People's Republic of China in Myanmar, and Ms. Chen Yunhua, Deputy Director General of the Development Research Center of China State Administration for Market Regulation (SAMR), along with Ms. Xu Jin from SAMR.  A total of 30 participants from Laos, Cambodia, and Myanmar attended the training.






Documentary photos of the Trainers and Lead Auditors Training on
ISO/IEC 17065:2012, ISO/IEC 17020:2012,

## Meeting on the Standardization Technical Sub-Committee for Agro-based Product

On 8th October 2024, Meeting on Specifications for Myanmar Rice, Broken Rice and Rice Bran was held by Department of Consumer Affairs, Ministry of Commerce by Hybrid System. At the meeting members from Agro-based Technical Subcommittee, representatives from Department of Agricultural, Department of Consumer Affairs, Union of Myanmar Federation of Chamber and Commerce (UMFCCI), Myanmar Rice Federation, Myanmar Rice Millers Association, Myanmar Rice and Paddy Traders Association, Myanmar Paddy Producer Association and Department of Research and Innovation, totally 15 participants attended the meeting. Meeting finalized the Specifications for Myanmar Rice, Broken Rice and Rice Bran which was referred to MMS 32:2022 Myanmar Rice Standard.




Meeting on the agro-based product standardization Sub-committee held via hybrid mode

On 13th December 2024, Meeting on the comments received from the Ministry of Legal Affairs for the Specifications of Myanmar Rice, Broken Rice and Rice Bran was held at the Ministry of Commerce, Department of Consumer Affairs (Yangon Region) by Hybrid Mode Application. On behalf of Chairman of Technical Subcommittee for Agro-based Products, Secretary, Director and Head of Division, Department of Consumer Affair delivers the opening speech.

Members from Agro-based Technical Subcommittee, representatives from Department of Agricultural, Food and Drug Administration, Department of Consumer Affairs, Union of Myanmar Federation of Chamber and Commerce (UMFCCI), Myanmar Rice Federation, Myanmar Rice Millers Association, Myanmar Rice and Paddy Traders Association, Myanmar Paddy Producer Association and Department of Research and Innovation, totally 13 participants attended the meeting. The representatives discussed on finalized the Specifications of Myanmar Rice, Broken Rice and Rice Bran which was referred to MMS 32:2022 Myanmar Rice Standard.

On 13th December 2024, Technical Subcommittee for Agro-based Products Standards Meeting (1/2024) was held at Ministry of Commerce, Department of Consumer Affairs (Yangon Region) by Hybrid Mode Application. On behalf of Chairman of Technical Subcommittee, Department of Consumer Affairs, Ministry of Commerce, Secretary of TC delivers the opening speech.

Members from respective ministries and association and Daw San San Han, as a special guests, Chairman of Myanmar Coconut Producer and Trader Association and totally 15 participants attended the meeting. They discussed on finalized the draft Standard for Mature Coconut.






Meeting on the agro-based product standardization Sub-committee held via hybrid mode

On 31st October 2024, Technical Subcommittee for Agro-based Products meeting was held at Ministry of Commerce, Department of Consumer Affairs (Nay Pyi Taw) via hybrid meeting. Members of Technical Subcommittee for Agro-based Products attended to the meeting. In the meeting, the Director General of the Department of Consumer Affairs gave an opening speech and from the representatives in attendance discussed on the comments received by the relevant associations on "Order on Quality Determination of Peanut (Draft)" and the procedure to be carried out.

## Training on ISO/IEC 17025:2017 General Requirements for the Competence of Testing and Calibration Laboratories and Internal Auditor


From 27 November to 5 December 2024, a training program on ISO/IEC 17025:2017 General Requirements for the Competence of Testing and Calibration Laboratories and Internal Auditing was held at the Department of Traditional Medicine, Ministry of Health, Office (47), Nay Pyi Taw. This event was organized with support from the World Health Organization (WHO), in collaboration with the Myanmar Accreditation Body, the Department of Research and Innovation, and the Department of Traditional Medicine. Seven officers from the Department of Research and Innovation served as trainers for the program. A total of 30 trainees, all staff from the Department of Traditional Medicine working in research and testing laboratories, participated in the training.





Trainers from DRI delivering a lecture to the Department of Traditional Medicine





Trainers from DRI delivering a lecture to the Department of Traditional Medicine

## Risk Management Working Group Meeting


Two officials from Myanmar Accreditation Body participated in the Risk Management Working Group Meeting held on January 8, 2025 via online. Meeting was organized by the Customs Department under the Ministry of Planning and Finance.




## International Cooperation

- One official from National Institute of Metrology (Myanmar) attended “The Photovoltaic Measurement Training Program” held in Beijing and Suzhou Provinces, People’s Republic of China, from 2nd September to 20th September, 2024 under the “Lancang-Mekong Cooperation in Metrology Project 2024”.
- One official from National Institute of Metrology (Myanmar) attended “EV Charging Pile and Hydropower Measurement Training Program” held in Beijing, Changsha and Kunming Provinces, People’s Republic of China, from 2nd September to 27th September, 2024 under the “Lancang-Mekong Cooperation in Metrology Project 2024”.
- One official from of National Institute of Metrology (Myanmar) attended as a Chair person at “The 41st Meeting of the ASEAN Consultative Committee on Standards and Quality (ACCSQ) Working group on Legal Metrology (WG3)” meeting held in Bangkok, Thailand in 19th to 20th October, 2024.
- Head of Delegate and three officials from Standards Development Division, National Standards and Quality Department attended the 52$^{nd}$ Meeting of the ASEAN Consultative Committee for Standards and Quality (ACCSQ) Working Group on Standards (WG1) was held on 23 – 24 October 2024 convened by the ASEAN Secretariat via video conferencing system.

- ❖ Head of Delegate and two officials from the Myanmar Accreditation Body, under the National Standards and Quality Department, participated alongside other ASEAN Member States to the 43rd Meeting of the ASEAN Consultative Committee for Standards and Quality (ACCSQ) Working Group on Conformity Assessment (WG2) was held on 24 October 2024 via video conferencing, convened by the ASEAN Secretariat.
- ❖ ASEAN-India Trade in Goods Agreement (AITIGA) Sub-Committee on Standards, Technical Regulations and Conformity Assessment Procedures (SC STRACAP) meeting was held on 19-20 November 2024 via hybrid arrangement. Three officials from National Standards and Quality Department attended both physically and virtually
- ❖ Three representatives from the Myanmar Accreditation Body participated in the "ASEAN SAF Workshop on Direct Supply Lines," organized by the EU-SEA CCCA (EU-South East Asia Cooperation on Mitigating Climate Change Impact from Civil Aviation) from November 25 to 27, 2024 via video conferencing.
- ❖ One delegate from National Standards and Quality Department attended the ISO Circular Economy: Workshop-Call for Action to Communicate Market and Implement ISO 59000 Standards was held on 9-12 December, 2024 at Qingdao, China.




Officials from DRI attending the 52nd Meeting of the ACCSQ-WG1




Officials from DRI attending the 43rd Meeting of the ACCSQ-WG2



One Official from DRI attending the 41st Meeting of the ACCSQ-WG3 held on 19th to 20th October, 2024 in Thailand





Officials from DRI attending the AITIGA 4th SC STRACAP Meeting held on 19-20 November 2024 in India




One official from DRI attending the Workshop held in China




Representatives from DRI attending the Webinar





One official from DRI attending the EV Charging Pile and Hydropower Measurement Training Program






One official from DRI attending the Photovoltaic Measurement Training Program

| Regional Cooperation in Quality Infrastructure | Focal Points |
|---|---|
| ASEAN Consultative Committee on Standards and Quality (ACCSQ)<br>Working Group on Standards and MRAs (WG-1)<br>Working Group on Conformity assessment (WG-2)<br>Working Group on Legal Metrology (WG-3) | National Standards and Quality Department, Department of Research and Innovation, Ministry of Science and Technology |
| Joint Sectoral Committee for ASEAN EEE (JSC EEE) | Directorate of Industrial Supervision and Inspection, Ministry of Industry |
| Automotive Product Working Group (APWG) | No(1) Heavy Industrial Enterprise, Ministry of Industry |
| Rubber-based Product Working Group (RBPWG) | No(2) Heavy Industrial Enterprise, Ministry of Industry |
| ASEAN Cosmetic Committee (ACC) | Food and Drug Administration, Ministry of Health |
| Pharmaceutical Product Working Group (PPWG) | Food and Drug Administration, Ministry of Health |
| Prepared Foodstuff Product Working Group (PFPWG) | Food and Drug Administration, Ministry of Health |
| Medical Device Product Working Group (MDPWG) | Food and Drug Administration, Ministry of Health |
| Traditional Medicine & Health Supplement Product Working Group (TMHSPWG) | Department of Traditional Medicine, Ministry of Health |
| Task Force on Wood-based Product (TFWBP) | Myanma Timber Enterprise, Ministry of Natural Resources and Environmental Protection |
| Task Force on Building and Construction(TFBC) | Department of Building, Ministry of Construction |

*Contact us:*

*National Standards and Quality Department*

*Department of Research and Innovation*

*No. 6 Kabaaye Pagoda Road,*

*Yankin Township, Yangon, Myanmar*

*www.myanmarstandards.org.mm*

*nsqd.office@gmail.com*

*standardizationdiv@gmail.com*

*mabaccreditation@gmail.com*

*nimm112023@gmail.com*